ရုပ်ပိုင်း အကျဉ်းလေ့လာချက်

ရုပ် ၂၈-ပါး

(ကြီးကျယ်-ထင်ရှားသော) မဟာဘုတ် ၄-ပါး (ဓာတ်ကြီး ၄-ပါး)

၁။ ပထဝီဓာတ် - မြေဓာတ် = မာ, ပျော့-၊ ကြမ်း, ချော-၊ လေး, ပေါ့- ခြင်း သဘော၊

၂။ အာပေါဓာတ် - ရေဓာတ် = ယိုစီး, ဖွဲ့စည်းခြင်း သဘော၊

၃။ တေဇောဓာတ် - မီးဓာတ် = ပူခြင်း, အေးခြင်း သဘော၊

၄။ ဝါယောဓာတ် - လေဓာတ် = တွန်းကန်, ထောက်ကန်, လှုပ်ရှားခြင်း သဘော၊

(အကြည်ဓာတ်ဟူသော) ပသာဒရုပ် ၅-ပါး

၅။ စက္ခုပသာဒ - မျက်စိအကြည်

၆။ သောတပသာဒ - နားအကြည်

၇။ ဃာနပသာဒ - နှာခေါင်းအကြည်

၈။ ဇိဝှါပသာဒ - လျှာအကြည်

၉။ ကာယပသာဒ - ကိုယ်အကြည်

(အာရုံဟူသော) ဝိသယရုပ် ၇-ပါး

၁၀။ ရူပါရုံ - အဆင်း အရောင်

၁၁။ သဒ္ဒါရုံ - အသံ

၁၂။ ဂန္ဓာရုံ - အနံ့

၁၃။ ရသာရုံ - အရသာ

= ဖောဋ္ဌဗ္ဗာရုံ (ပထဝီ, တေဇော, ဝါယော) ဟူသော မဟာဘုတ်တို့၏ အပေါင်းဟု ဆိုအပ်သော တွေ့ထိအပ်သော အတွေ့

(အထီး,အမဖြစ်ဖို့ရန် အကြောင်းခံဖြစ်သော) ဘာဝရုပ် ၂-ပါး

၁၄။ ဣတ္ထိဘာဝရုပ် - ဣတ္ထိ၏ ဖြစ်ကြောင်းရုပ်

၁၅။ ပုမ္ဘာဝရုပ် - ပုရိသ၏ ဖြစ်ကြောင်းရုပ်

ဟဒယဝတ္ထုရုပ် ၁-ပါး

၁၆။ ဟဒယရုပ် - ဟဒယဝတ္ထု

ဇီဝိတရုပ် ၁-ပါး

၁၇။ ဇီဝိတရုပ် - ဇီဝိတိန္ဒြေ

အာဟာရရုပ် ၁-ပါး

၁၈။ အာဟာရရုပ် - စားအပ်သော အစာ အာဟာရ

(ရုပ်ကလာပ်တို့ကို ပိုင်းခြားတတ်သော) ပရိစ္ဆေဒရုပ် ၁-ပါး

၁၉။ ပရိစ္ဆေဒရုပ် - အာကာသဓာတ်

(မိမိအလိုကို သူတပါး သိစေနိုင်ကြောင်း အမူအရာထူးဟူသော) ဝိညတ်ရုပ် ၂-ပါး

၂၀။ ကာယဝိညတ် - ကိုယ်ဖြင့် သိစေတတ်သော အမူအရာ

၂၁။ ဝစီဝိညတ် - နှုတ်ဖြင့်(စကားသံဖြင့်) သိစေတတ်သော အမူအရာ

(ထူးထွေခြားနားသော အမူအရာဟူသော) ဝိကာရရုပ် ၅-ပါး

၂၂။ ကာယသဿ လဟုတာ - (တိဇရုပ်တို့၏) ပေါ့ပါးသည်၏အဖြစ်

၂၃။ ကာယသဿ မုဒုတာ - (-) နူးညံ့သည်၏အဖြစ်

၂၄။ ကာယသဿ ကမ္မညတာ- (-)ကိုယ်မှု,နှုတ်မှုဟု ရုပ်ခန္ဓာ၏ ကောင်းမွန်ခြင်း, ဖြတ်လတ်သွက်လက်ခြင်း

= ကာယဝိညတ်

= ဝစီဝိညတ်

လက္ခဏာရုပ် ၄-ပါး

၂၅။ ဥပစယ - ရုပ်တို့၏ ရှေးဦးစွာဖြစ်ခြင်း, နောက်ထပ်တိုး၍ ဖြစ်ခြင်း၊

၂၆။ သန္တတိ - နောက်ထပ် ရုပ်များ ဆက်စပ်၍ အထပ်ထပ် ဖြစ်ခြင်း၊

၂၇။ ဇရတာ - ရုပ်တို့၏ ရင့်ရော်မှု

၂၈။ အနိစ္စတာ - ရုပ်တို့၏ ပျက်စီးမှု